ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

ရှားတောမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန



ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၉-၂၀၂၃)

ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

Village Development Plan (VDP)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဒေါတနောကျေးရွာ၊ ရှားတောမြို့နယ်

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ

ဦးစားပေး စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (၁)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

လွိုင်ကော်-ရှားတောမြို့နယ်

လူထုဗဟိုပြုစီမံကိန်း

National Community Driven Development Project



ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် (၂၀၁၉-၂၀၂၀)


Village Development Plan(VDP)

ရှားတောမြို့နယ်၊ မြောက်ပိုင်းကျေးရွာအုပ်စု၊ ဒေါတနောကျေးရွာ


မာတိကာ

အကြောင်းအရာ စာမျက်နှာ

၁။ မြို့နယ်ပြမြေပုံ ၃
၂။ အုပ်စုမြေပုံ ၄
၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း ၅
၄။ ကျေးရွာသမိုင်းကြောင်း(ကျေးရွာအခြေခံအချက်အလက်များ) ၆
၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA)
အကျဉ်းချုပ်ဇယား ၈
၆။ လူမှုရေး နှင့် အရင်းအမြစ်ပြမြေပုံ ၉
၇။ လူမှုရေး နှင့် အရင်းအမြစ်ပြမြေပုံသုံးသပ်ချက် ၁၀
၈။ ဥစ္စာဓနကြွယ်ဝမှုအဆင့် သတ်မှတ်ချက်ပြပုံ ၁၁
၉။ ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ချက်ဇယားသုံးသပ်ချက် ၁၂
၁၀။ ရာသီခွင်ပြဇယား ၁၃
၁၁။ရာသီခွင်ပြဇယားသုံးသပ်ချက် ၁၄
၁၂။ အရင်းအမြစ် အသုံးပြုမှုနှင့်ထိန်းချုပ်မှု ၁၅
၁၃။ အရင်းအမြစ် အသုံးပြုမှုနှင့်ထိန်းချုပ်မှု သုံးသပ်ချက် ၁၇
၁၄။ ပဉ္စကူအိမ်ပြပုံ (ကျား၊မ) ၁၈
၁၅။ ပဉ္စကူအိမ်သုံးသပ်ချက် (ကျား၊မ) ၁၉
၁၆။ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံ ၂၀
၁၇။ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံသုံးသပ်ချက် ၂၁
၁၈။ ကော်မတီဝင်များစာရင်း ၂၂
၁၉။ ကျေးရွာအချက်အလက်များ (ပုံစံ-၁) ၂၄
၂၀။ စီမံကိန်းအချိန်ဇယား (ပုံစံ-၂) ၂၆
၂၁။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃) ၂၈
၂၂။အစည်းအဝေးမှတ်တမ်းများ ၃၄
၂၃။ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ၃၅
၂၄။ ဦးစားပေးလုပ်ငန်းများရွေးချယ်ခြင်းဇယား ၃၆
၂၅။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ ၃၉


ရွားတောမြို့နယ်
ရှမ်းပြည်နယ်
N
လွိုင်ကော်မြို့နယ်
ရွားတောမြို့
သံလွင်မြစ်
မယ်ခိုတော်ရွောင်း
အောက်မယ်တယ်ရွောင်း
မယ်ပလူးခရွောင်း
ရည်ညွှန်းချက်
မြို့နယ်
ကျေးရွာ
ကွန်ကရစ်လမ်း
ကတ္တရာလမ်း
ကျောက်လမ်း
မြေသား
မြစ်ချောင်း

ကျေးရွာအုပ်စုမြေပုံ



ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

စဉ်	ကျေးရွာအုပ်စုအမည်	ကျေးရွာအမည်	မှတ်ချက်
၁။	မြောက်ပိုင်း	နန်းအွမ့်လေး	
၂။		မြောက်ပိုင်းစုစည်း	
၃။		ဒေါလဲဒူ	
၄။		ပွန်ချောင်း	
၅။		သရီးဒါး	
၆။		ဒေါဝယ်ရော	
၈။		ဒေါမူလဲ	
၉။		ဒေါတနော	
၁၀။		ဒေါနော်ကလု	

လူထုဗဟိုပြုစီမံကိန်းမှလူထုပူးပေါင်းပါဝင်သောနည်းဖြင့် စတုတ္ထနှစ်စီမံကိန်းမိတ်ဆက်အစည်းအဝေး

(၂၀၁၉-၂၀၂၀) ခုနှစ်

ကျေးရွာအုပ်စုအမည် - မြောက်ပိုင်းအုပ်စုကျေးရွာအမည်-ဒေါတနောကျေးရွာရက်စွဲ- ၉ .၁၀ . ၂၀၁၉

၁။ကျေးရွာသမိုင်းကြောင်း

ဒေါတနော ကျေးရွာသည် ကယားပြည်နယ် ရှားတောမြို့ မြောက်ပိုင်းအုပ်စုတွင်တည်ရှိပါသည်။ကျေးရွာ အိမ်ခြေ (၆၅) အိမ် ၊ လူဦးရေ ကျား-၂၁၁၊ မ-၂၁၃ ၊ ပေါင်း (၄၂၄)ဦးရှိပါသည်။အများစုမှာ ကယားလူမျိုးစုများအဓိက နေထိုင်ပြီး စိုက်ပျိုးရေးလုပ်ငန်းကိုအဓိက စိုက်ပျိုးပြီးအသက်မွေးဝမ်းကြောင်းပြု နေထိုင်ကြသည်။ ရိုးရာကိုးကွယ်ယုံကြည် ဖြစ်သောတံခွန်တိုင်ကို ကိုးကွယ်ကြသည်။ အိမ်ထောင်စု အချို့မှ ခရစ်ယာန်ဘာသာကိုကိုးကွယ်ကြသည်။

ဒေါတနောကျေးရွာ စတင်တည်ထောင်သောခုနှစ်အား တိကျစွာသိရှိခြင်းမရှိပါ။ ရှေ့မှီနောက်မှီ အဘိုးတစ်ဦးဖြစ်သူ ဦးကေးရယ် မှ ပြောကြားချက်အရကျေးရွာစတင်တည်ရှိသည့်ခုနှစ်မှာ ခန့်မှန်းခြေအရ ၁၉၇၀ ခုနှစ်မတိုင်ခင်ကတည်းက ကျေးရွာတည်ရှိခဲ့သည် ဟုဆိုပါသည်။ ၁၉၇၀နောက်ပိုင်း တွင် အိမ်ခြေ (၁၀၀) ကျော်နေထိုင်ခဲ့ကြသည်။ ၁၉၉၆ ခုနှစ်မှ စ၍ နယ်မြေမငြိမ်းချမ်းသောကြောင့် ၊ စစ်ဘေးဒဏ်သင့်ခဲ့ကာ ရှမ်းပြည်နယ် ဘက်သို့ စစ်ဘေးရှောင်ခဲ့ကြသည်။စစ်ဘေးရှောင်နေစဉ်ကာလတွင် စားဝတ်နေရေး အတွက်အခက်ခဲကြုံတွေ့ခဲ့ကြရသည်။ကြုံရာ ကျဘမ်း၊ နေ့စားအလုပ် လုပ်ကိုင်ခြင်း၊ အသိမိတ်ဆွေထံချေးယူကာ ဝမ်းစာအတွက် ဖြေရှင်းခဲ့ကြရပါသည်။ ၇ နှစ်ကျော် စစ်ဘေးရှောင်ခဲ့ပြီးနောက် ၂၀၀၆ ခုနှစ်အတွင်း နယ်မြေ အခြေနေ အနည်းငယ် ငြိမ်းချမ်းလာကာ ရွာဟောင်း ဒေါတနောရွာကို အိမ်ခြေ ၃၇ အိမ်နှင့်စတင်ပြန်လည်နေထိုင်ခဲ့ကြသည်။ နောက်ပိုင်းတွင် တဖြည်းဖြည်းအိမ်ခြေတိုးလာပြီး အစိုးရ အသိမှတ်ပြုနေထိုင်ခွင့် ရရှိကာ အစိုးရမှ မူလတန်းကျောင်းစတင်ဖွင့်လှစ်ပေးခဲ့သည်။ အိမ်ထောင်စုအချို့ ရေကြည်ရာမြေတ်နရာ ပြောင်းရွှေ့ကြသည်။ ဒုက္ခသည်စခန်းသို့ ပြောင်းရွှေ့နေထိုင်သည့်အိမ်လည်းရှိသည်။

၂၀၀၈ ခုနှစ်တွင်ဂရုဏာအဖွဲ့မှ ကျေးရွာရေရရှိရေးလုပ်ငန်း အဖြစ် ရေသွယ်ယူပေးခဲ့ပါသည်။ ၂၀၁၀ ခုနှစ်ဝန်းကျင်တွင် အိမ်ခြေ ၇၀ အိမ်အထိ တိုးလာခဲ့သည်။ ၂၀၁၃ခုနှစ်တွင် IRC အဖွဲ့မှ စာသင်ကျောင်းအိမ်သာနှင့် ဂါလံ၅၀၀ ဆံ့မိုးရေလှောင်ကန်တည်ဆောက်ပေးခြင်း ၊ ကျန်းမာရေးအသိပညာ သင်တန်းများပေးခြင်းနှင့် ယင်လုံအိမ်သာပံပိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ပါသည်။

မှတ်တမ်းတင်သူ


အမည်-ဦပလျားရယ်

ရာထူး-လူထုစည်းရုံးရေးမှူး

လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

စဉ်	အကြောင်းအရာ	ရက်စွဲ	ဦးတည်အုပ်စု	တက်ရောက်သူ			အဓိကဆွေးနွေးချက်များ
				ကျား	မ	ပ	
၁	လူမှုရေးအရင်းအမြစ်ပြမြေပုံ (social Map/Resource Map)	၂၀၀၈.၀၄.၁၅	ရပ်မိ၊ရပ်ဖကော်မတီဝင်များ	၂၀	၂၀	၄၀	အိမ်အမျိုးအစားများ၊အခြေခံအဆောက်အဦများ၊လမ်းပန်းဆက်သွယ်ရေးအခြေအနေ၊လယ်ယာမြေ၊မြစ်ချောင်း၊ရေတွင်းရေကန်သစ်တောများ
၂	ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ချက် (Wealth Ranking)	၂၀၀၈.၀၄.၁၅	ချမ်းသာ၊အလယ်အလတ်၊နွမ်းပါးအုပ်စု	၂၀	၂၀	၄၀	ကျေးရွာလူမှုစီးပွားအုပ်စုများ၊ခွဲခြားသတ်မှတ်နိုင်ရေးအတွက် အခြေခံစံနှုန်း များသတ်မှတ်ခြင်း ကျေးရွာသားများနှင့် အများသဘောတူခွဲခြား သတ်မှတ်ခြင်း
၃	ပိုင်ဆိုင်မှုသုံးသပ်ခြင်း	၂၀၀၈.၀၄.၁၅	ကော်မတီဝင်၊အမျိုးသမီး၊အမျိုးသားများ	၂၀	၂၀	၄၀	အမျိုးသမီးနှင့် အမျိုးသားများပိုင်ဆိုင် ပြီးထိန်းချုပ်ထားသည့် ပိုင်ဆိုင်မှု(သို့) အရင်းအမြစ်များကိုသုံးသပ်ခြင်း
၄	ရာသီခွင်ပြကွဒိန် Seasonal Calender	၂၀၀၈.၀၄.၁၅	ကော်မတီဝင်၊အမျိုးသမီး၊အမျိုးသားများ	၂၀	၂၀	၄၀	ရာသီဥတု၊စိုက်ပျိုးသီးနှံများ၊လယ်ယာလုပ်ငန်းများ၊ဝင်ငွေထွက်ငွေ၊မွေးမြူရေးလုပ်ငန်းများ၊
၅	ပင့်ကူအိမ်ကွန်ယက် (Spider Web)	၂၀၀၈.၀၄.၁၅	အမျိုးသား၊အမျိုးသမီးများ	၂၀	၂၀	၄၀	အမျိုးသား၊အမျိုးသမီးများတန်းတူ အခွင့်အရေးရရှိမှုနှင့် မရရှိသည့်အကြောင်းအရင်းများ
၆	အဖွဲ့အစည်းချိတ်ဆက်ပုံ(Venn Diagram)	၂၀၀၈.၀၄.၁၅	ကျေးရွာလူမှုဖွံ့ဖြိုးရေးအဖွဲ့၊အုပ်ချုပ်ရေးအဖွဲ့၊ကျေးရွာစီထောက်အဖွဲ့	၂၀	၂၀	၄၀	ကျေးရွာတွင်ရှိအဖွဲ့အစည်းများနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းအတွက် ချိတ်ဆက်ဆောင်ရွက်လုပ်ကိုင်မှု

ဒေါတနောကျေးရွာ၏အရှေ့ဘက်ခြမ်းပြမြေပုံ



ဒေါတနောကျေးရွာ၏အရင်းအမြစ်ပြမြေပုံသုံးသပ်ချက်

ဒေါတနောကျေးရွာသည် ကယားပြည်နယ်၊ ရှားတောမြို့နယ် ၊ မြောက်ပိုင်းကျေးရွာအုပ်စုတွင် ပါဝင် ပါသည်။ လွိုင်ကော် မှ ရှားတောမြို့သို့ သွားသည့်ဆက်သွယ်ရေးလမ်း မကြီးပေါ်ရှိဒေါကလော်လဲ ကျေးရွာလမ်းခွမှမြောက်ဘက် (၁၀)မိုင်ခန့်ရှိတောင်ပေါ်တွင် တည်ရှိပါသည်။ဒေါတနောရွာထိ ဆက်သွယ်ထား သောလမ်းမကြီးမရှိသေးပါ။ ဒေါဝယ်ရောကျေးရွာအထိသာ ကားလမ်းပေါက်ပါသည်။ ဒေါဝယ်ရော ကျေးရွာမှ တဆင့် ခြေကျင်ခရီး(သို့)ဆိုင်ကယ်ဖြင့်ဆက်လက်ခရီးပြုရပါသည်။ ဒေါတနော ကျေးရွာသည် လွိုင်ကော်မြို့မှ (၄၅)မိုင်အကွာအဝေးတွင်တည်ရှိပြီး ရှားတောမြို့မှ (၂၇)မိုင်အကွာတွင် တည်ရှိပါသည်။ဒေါတနော ရွာ၏အရှေ့ဘက် (၆)ဖာလုံအ ကွာတွင်ဒေါမူလဲကျေးရွာတည်ရှိပြီး မြောက်ဘက် (၃)မိုင်ဝန်းကျင်တွင် ဒေါနော်ကလုကျေးရွာတည်ရှိသည်။

ဒေါတနောရွာ၏ အိမ်ခြေမှာ (၆၅)အိမ်ရှိပြီး စုစုလူဦးရေသည် (၄၂၄)ဦး၊ ကျား-(၂၁၁) ဦး၊ မ- (၂၁၃) ဦးရှိပါသည်။ကျေးရွာတွင် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုမှာ(၉)စု ရှိပြီး မသန်စွမ်းသူ (၂)ဦးရှိပါ သည်။ ကျေးရွာရှိ အိမ်အမျိုးအစားမှာ ပျဉ်ထောင်သွပ်မိုး၊ ဝါးထရံကာ သွပ်မိုးအိမ်ဖြင့် အများစု နေထိုင်ကြသည်ကိုတွေ့ရှိရပါသည်။ လူမှုရေးအခြေခံအဆောက်အဦးများအဖြစ် စာသင်ကျောင်း၊ ကျေးရွာ ခန်းမဆောင်နှင့်ကေ့ထိုးဘိုးခန်းမဆောင်တို့ရှိပါသည်။

ကျေးရွာတွင် (၂၀၀၆)ခုနှစ်အစိုးရ နှင့်ရွာလူထုပူးပေါင်းဆောက်လုပ်ထားသည့် မူလွန်ကျောင်း တစ်ကျောင်းရှိပြီး ထိုစာသင်ကျောင်းသို့ ၂၀၁၃-၁၄ ခုနှစ် တွင်IRC အဖွဲ့မှကျောင်းပိုးရေလှောင်ကန်နှင့် နှစ်ခန်းတွဲအိမ်သာတစ်လုံးတည် ဆောက်ပေးခဲ့ပါသည်။ စာသင်ခန်း မလုံလောက် ၍ ပညာရေးဌာနမှ ကျောင်းဆောင်တိုး ချဲ့ခြင်းနှင့် ဆရာ/မ အိမ်သာကို ထပ်မံပံ့ပိုးပေး ခဲ့ပါသည်။ဒေါတနောကျေးရွာ ရှိ ပညာသင်ယူသည့် ကလေးအများစုသည် မူလွန် (၆)တန်းအထိသာပညာ သင်ယူရန်အခွင့်ရေး ပြည့်ဝစွာရရှိပြီး အလယ်တန်းနှင့် အထက်တန်းအဆင့်ပညာသင်ယူရန် ရှားတောမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း သို့သွားရောက်ပညာသင်ယူကြရသည်။ မိဘများမှ ပံ့ပိုးမှုမပေးနိုင်သော ကျောင်းသား/သူများမှ ပညာဆက်လက် သင်ကြားနိုင်ခြင်းမရှိသည်ကို တွေ့ရှိရပါသည်။

ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းမရှိသောကြောင့် ကျန်းမာရေးအတွက်ဆေးကုသရန်ခက်ခဲမှု ဖြစ်စေသည်။ တစ်လတစ်ကြိမ်နှစ်ကြိမ် နယ်လှည့် ဆေးကုပေးသော KNPP ဆေးကု အဖွဲ့ ရောက်ရှိချိန်တွင်သာ ဆေးကုသမှုခံယူနိုင်ကြသည်။ အရေးပေါ်ကျန်းမာရေး ကိစ္စရပ်များပေါ်ပေါက်လာပါက သရီးဒါးတိုက်နယ် ဆေးရုံအထိသွားရောက်ကုသမှုခံယူကြရသည်။ သို့သော် လမ်းပန်းဆက်သွယ်ရေးမ ကောင်းသောကြောင့် အချိန်မှီကုသမှု ခံယူရရှိနိုင်ရန် အခက်အခဲကြုံတွေ့ကြရလေ့ရှိပါသည်။ ဒေါတနောကျေးရွာ၏ သောက်သုံးရေ ရရှိမှု အခြေအနေမှာ ၂၀၀၈ခုနှစ်ဂရုဏာအဖွဲ့မှစိမ့်စမ်းရေသွယ်ယူခြင်းစနစ်မှ အဓိကရေ အရင်းအမြစ် အဖြစ် သုံးစွဲကြရသည်။ မိုးရာသီနှင့် ဆောင်းရာသီတွင် သောက်သုံးရေ လုံလောက်မှုရှိသော်လည်း နွေရာသီတွင် ရောက်များခန်းခြောက်မှုကြောင့် ရေရရှိမှု နည်းပါးသဖြင့် ရေလုံလောက်မှုမရှိပေ။

ဒေါတနောကျေးရွာ၏ အဓိကအသက်မွေးဝမ်းကြောင်း လုပ်ငန်းမှာ မှာစိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကအားထားပြီးလုပ်ကိုင်စားသောက်နေထိုင်ကြသည်။ အဓိကစိုက်ပျိုးသီးနှံများမှာတောင်ယာစပါး၊ လယ်စပါးနှင့် နှမ်းစသော သီးနှံကို စိုက်ပျိုးကြသည်။ ရာသီဥတုကောင်းမွန်ပြီး စိုက်ပျိုးသီးနှံများ အထွက်နှုန်းကောင်းမွန်ပါက ဝမ်းစာဖူလုံမှုရှိကြပြီး ၊ ရာသီဥတုဖေါက်ပြန်သော နှစ်များတွင် သီးနှံအထွက်နှုန်း နည်းပါးလေ့ရှိသောကြောင့် ဝမ်းစာဖူလုံမှု အခက်အခဲကြုံတွေ့ကြရသည်ကို တွေ့ရှိရပါသည်။

၂၀၁၉ခုနှစ်တွင် ကျေးလက်မှ ရေပိုက်သွယ်တန်းခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ပြီး လူထုဗဟိုပြုစီမံကိန်းမှ စာသင်ကျောင်းဆောင်လုပ်ငန်း တည်ဆောက်ပေးခဲ့သည်။

ဒေါ်တနောကျေးရွာ၏ အရင်းအမြစ်ပြမြေပုံသုံးသပ်ဆွေးနွေးချက်များအရ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အတွက် လိုအပ်သော ဖွံ့ဖြိုးရေးလုပ်ငန်းများအဖြစ်

(၁)တံတားပြုပြင်ခြင်း

(၂) စာသင်ကျောင်းခြံစည်းရိုးပြုပြင်ခြင်း

(၃) ရေလှောင်ကန်တည်ဆောက်ခြင်း

(၄) ရွာချင်းဆက်လမ်းနှင့် ရွာတွင်းလမ်းပြုပြင်ခြင်း စသည့် လုပ်ငန်းများ အဓိက လိုအပ်လျက်ရှိသည် ဟု သုံးသပ်ဆွေးနွေးခဲ့ကြပါသည်။

ပါဝင်ဆွေးနွေးသူ

ကျား- ၂၀ဦး

မ - ၂၀ဦး

မှတ်တမ်းတင်သူ

အမည် - ဦပလျားးရယ်

ရာထူး -လူထုစည်းရုံးရေးမှူး

ဥစ္စာဓနကြွယ်ဝမှုအဆင့် သတ်မှတ်ချက်ပြုံ

မြို့နယ် - ရှားတော၊ ကျေးရွာအုပ်စု - မြောက်ပိုင်း ၊ကျေးရွာ -ဒေါတနော၊ ရက်စွဲ-၉.၁၀.၂၀၁၉

အမျိုးအစား	သတ်မှတ်ချက်/ညွှန်းကိန်းများ	အိမ်ထောင်စု အရေအတွက်	ရာခိုင်နှုန်း
ချမ်းသာ	ပျဉ်အိမ်၊ သွပ်မိုး၊ ကွဲနွား၊ ဆိုင်ကယ်၊ ၊ ဆန်စက်၊ လယ်၊လယ်ထွန်းစက်	(၂၀)အိမ်	၃၀.၇၆%
အလယ်အလတ်	ဝါးအိမ်၊လယ်၊ ကွဲနွား၊ ဆိုင်ကယ်	(၃၅)အိမ်	၅၃.၈၄%
ဆင်းရဲ/နွမ်းပါး	ဝါးအိမ်၊ လယ်မရှိကွဲနွားမရှိ၊ဆိုင်ကယ်မရှိ	(၁၀)အိမ်	၁၅.၄၀%
စုစုပေါင်းအိမ်ထောင်စု		(၆၅)အိမ်	၁၀၀%

ပါဝင်ဆွေးနွေးသူ

ကျား- ၂၀ဦး

မ - ၂၀ဦး

မှတ်တမ်းတင်သူ

အမည် - ဦပလျားးရယ်

ရာထူး -လူထုစည်းရုံးရေးမှူး

ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ချက်ဇယားသုံးသပ်ချက်များ


ဒေါ်တနောကျေးရွာတွင်း နေထိုင်သည့်အိမ်ထောင်စုများ ပစ္စည်းဥစ္စာပိုင်ဆိုင်မှု အခြေအနေ လေ့လာသုံးသပ်ချက်အရ ကျေးရွာတွင် ဥစ္စာဓနကြွယ်ဝမှု အဆင့်(၃) ဆင့်ဖြင့် ခွဲခြားသုံးသပ်နိုင်ပါသည်။ ၎င်းတို့မှာချမ်းသာအဆင့်၊ အလယ်လတ်အဆင့်နှင့်ဆင်းရဲသောမိသားစုအဆင့်ဟူ၍ ဖြစ်ပါသည်။

အဆင့်(၁)ဖြစ်သော ချမ်းသာသောအိမ် ထောင်စုများ၏ ပိုင်ဆိုင်မှု ဆန်းစစ်ချက်အရ ၎င်းတို့၏ ပိုင်ဆိုင်မှုများအဖြစ် လယ်၊ ပျဉ်ထောင် သွပ်မိုးအိမ်၊ ဆန်စက်၊ကျွဲ၊နွားနှင့် ဆိုင်ကယ်စသည့် ပိုင်ဆိုင်မှုများရှိသည့်အိမ်ထောင်စုများအား သတ်မှတ်ထားပါသည်။ ကျေးရွာတွင် ချမ်းသာအဆင့်ရှိသော အိမ်ထောင်စုပေါင်း (၂၀) စုရှိပါသည်။ ချမ်းသာအဆင့်တွင် ပါဝင်သော အိမ်ထောင်စုများသည် မိဘ၏အမွေရရှိခြင်း၊ ပြင်ပလုပ်ငန်းနှင့်အရောင်းအဝယ်လုပ်ငန်းများလုပ်ဆောင်နိုင်ခြင်း၊ စီးပွားဖြစ် စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်နိုင်ရန် အရင်းအနှီးပိုင်ဆိုင်ခြင်း စသည့်အကြောင်းရင်းများကြောင့် ချမ်းသာအဆင့်တွင် ပါဝင်ခြင်းဖြစ်သည်ဟု သုံးသပ်ဆွေးနွေးခဲ့ကြပါသည်။

အဆင့်(၂)အလယ်လတ်အဆင့်ရှိအိမ်ထောင်စုများ၏ ပိုင်ဆိုင်မှုများအဖြစ် တောင်ယာ၊ လယ်၊ ကျွဲနွားနှင့်ပျဉ်ထောင်သွပ်မိုးအိမ် ရှိအိမ်ထောင်စုများ ဖြစ်ကြပြီး ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၃၅) စု ရှိပါသည်။ အလယ်အလတ်အဆင့်တွင် ပါဝင်သော အိမ်ထောင်စုများမှာ တောင်ယာ၊လယ်ယာလုပ်ငန်းများ အသင့်သင့် ဆောင်ရွက်နိုင်ကြပြီး ယေျဘူယျအားဖြင့် မိသားစုရဲ့.စားဝတ်နေရေး တစ်နှစ်စာ လုံလောက်မှု ရှိသော်လည်း အပိုဝင်ငွေမရှိသောအိမ်ထောင်စုများဖြစ်ကြပါသည်။

အဆင့်(၃)ဆင်းရဲသည့်အိမ်ထောင်စုများ၏ ပိုင်ဆိုင်မှု သုံးသပ်ရာတွင် ၎င်းတို့သည်ကျွဲနွားမရှိ၊ လယ်မရှိ၊ စိုက်ပျိုးရေးလုပ်ငန်း အနည်းငယ်သာလုပ်ကိုင်နိုင်သော မိသားစုများဖြစ်ကြပြီး မိသားစုဦးရေများခြင်းနှင့် အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုများဖြစ် ကြသည်ကို တွေ့ရှိရပါသည်။ ကျေးရွာတွင် နွမ်းပါးအဆင့် အိမ်ထောင်စု (၁၁)စု ရှိပါသည်။ ၎င်းအိမ်ထောင်စုများသည် မိသားစုစားဝတ်နေရေးအတွက် စိုက်ပျိုးရေး လုပ်ငန်းအား အဓိကမှီခို အားထားကြရကာ စိုက်ပျိုးရေးလုပ်ငန်းကိုလည်း အနည်းငယ်သာ လုပ်ကိုင်နိုင်ကြ သောကြောင့် လယ်အငှားလိုက်ခြင်း ၊ စပါးကြိုယူပြီး သီးနှံပေါ်ချိန်တွင် ပြန်ဆပ်ခြင်း စသည်ဖြင့် မိသားစု စားဝတ်နေရေးကို ဖြေရှင်းကြရသည် ဟု သုံးသပ်ဆွေးနွေးခဲ့ကြပါသည်။

ရာသီခွင်ပြ ဇယား၏ မြေပုံ



ပါဝင်ဆွေးနွေးသူ

ကျား- ၂၀ဦး

မ - ၂၀ဦး

မှတ်တမ်းတင်သူ

အမည် - ဦပလျားးရယ်

ရာထူး -လူထုစည်းရုံးရေးမှူး

ရာသီခွင်ပြ ဇယား၏သုံးသပ်ချက်များ

ဒေါ်တနောကျေးရွာ၏ ရာသီခွင်ပြ ပြက္ခဒိန် သုံးသပ်ချက်အား ကျေးရွာအတွင်း လအလိုက် နေထိုင်မှု ပုံစံများ၊ စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်မှုများ၊ ကျန်းမာရေးအခြေအနေ ၊ ပွဲလမ်းသဘင် ဆင်ယင်ကျင်းပမှု ၊ သောက်သုံးရေအခြေအနေနှင့် ဝမ်းစာဖူလုံမှုအခြေအနေ တို့အပေါ် သုံးသပ်ဆွေးနွေးခဲ့ပါသည်။ ဆွေးနွေးသုံးသပ်ချက်အရ အသက်မွေးဝမ်းကြောင်းအတွက် အဓိကလုပ်ငန်းဖြစ်သည့်စိုက်ပျိုးသီးနှံများမှာလယ် စပါး၊တောင်ယာစပါးနှင့်နှမ်း သီးနှံများ စိုက်ပျိုးကြသည်။ နွေရာသီ ချိန်ဖြစ်သော မတ်လ မှ မေလ ထိတွင်သီးနှံစိုက်ပျိုးရန် အတွက်တောင်ယာခုတ်၊ မီးရှို့ခြင်းနှင့် စိုက်ပျိုးရန်မြေကိုပြင်ဆင်ကြသည်။ ထိုအချိန်တွင် လောင်စာအတွက် အိမ်တွင် အသုံးပြုရန် ထင်းခွေခြင်းကိုလည်း တပါတည်းလုပ်ကိုင်ကြသည်။

မတ်လမှ မေလအတွင်း ရိုးရာပွဲလမ်းသဘင်များအဖြစ် တောလိုက်ပွဲ၊ ရိုးရာတံခွန်တိုင်ပွဲ နှင့်မင်္ဂလာပွဲများ ပြလုပ်သည့်ရာသီတခုဖြစ်သည်။နွေဥတုအကုန် မိုးရာသီစကူးချိန်ကာလဖြစ်သော ဇွန်လမှာတောင်ယာစပါးစိုက်ပျိုးကြသည်။ ဆက်လက်၍နှမ်းစိုက် ခင်းဝင်ပြီးတခါနှမ်းစိုက်ပျိုးပြီး ဇူလိုင်လထိနှမ်းစိုက်ကြသည်။ သြဂုတ်လ တွင်လယ်ရှိသောအိမ်ထောင်စုများသည်လယ်စပါးအတွက် ပျိုးကျဲပြီး လယ်ခင်းပြင်ဆင်သည့်လုပ်ငန်းဆောင် ရွက်ကြသည်။သြဂုတ်လ ကုန်ပိုင်းတွင် လယ်စပါးကို စတင်စိုက်ပျိုးကြသည်။စက်တင်ဘာ လနှင့် အောက်တိုဘာလများတွင် နှမ်းနှင့် ယာစပါးကို ရိတ်သိမ်းလေ့ရှိကြသည်။ နိုဝင်ဘာလတွင်မူ လယ်စပါးကို ရိတ်သိမ်းကြသည်။ဒေါ်တနောကျေးရွာ၏လုပ်ငန်းခွင်ရာသီ အခြေနေမှာ မေလမှနိုဝင်ဘာ လကုန်အထိ စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်ခြင်းဖြင့် အလုပ်များသည့်ရာသီအဖြစ် တွေ့မြင်ရသည်။

ဒေါ်တနောကျေးရွာ ရာသီလိုက်ဖြစ်ပွားတတ်သောရောဂါများမှာ မတ်လနှင့် ဇူလိုင် များတွင်ဝမ်းလျောရောဂါဖြစ်ပွားလေ့ရှိသည်။ ဇူလိုင်လနှင့် သြဂုတ် လတို့တွင်တုပ်ကွေးဖြစ်ပွားတတ်ပြီးနိုဝင်ဘာလနှင့် ဒီဇင်ဘာလများတွင် ရာသီအကူးအပြောင်းကြောင့် နာစေးချောင်းဆိုးဖြစ်ပွားတတ်လေ့ရှိသည်။

ဒေါ်တနောရွာသောက်သုံးရေးရရှိမှုအခြေနေသည် မတ်လ မှ ဇွန်လ ထိရေလာနည်းပြီးရေမလုံလောက်သည့်ပြဿနာကြုံတွေ့နေရသည်ကျန်သည့် လများတွင် ရေလုံလောက်မှုရှိသည်။ရေမလုံလောက်သည့်ချိန်တွင် သောက်ရေကို အဓိကထားသိုလှောင်အသုံးပြုလေ့ရှိကြပြီး သုံးရေးအတွက် အခြားရေ ရရှိသည့်နေရာသို့ သွားရောက်အသုံးပြုရပါသည်။

ကျေးရွာရှိ အိမ်ထောင်စုများ၏ ဝင်ငွေထွက်ခြေအနေအရ စိုက်ပျိုးရေးလုပ်ငန်းခွင် စတင်ဆောင်ရွက်သည့် ကာလများဖြစ်သည့် မတ်လမှ ဇူလိုင်လအထိ ထွက်ငွေများပြားလေ့ရှိပြီး သီးနှံများ ရိတ်သိမ်းသည့်ကာလဖြစ်သည့် အောက်တိုဘာလနှင့် နိုဝင်ဘာလများတွင်သာ ဝင်ငွေရရှိလေ့ရှိကြပါသည်။ ဝမ်းစာဖူလုံမှုအခြေအနေမှာ ဝင်ငွေထွက်ငွေ အခြေအနေနှင့် တူညီမှုရှိပြီး စိုက်ပျိုးရေးလုပ်ငန်းခွင်ဝင်သည့် ကာလတလျှောက် ဝမ်းစာဖူလုံမှု နည်းပါးလေ့ရှိပြီး သီးနှံများရိတ်သိမ်းပြီး စိုက်ပျိုးရေးထွက်ကုန်များရရှိသော ကာလတွင်သာ ဝမ်းစာဖူလုံမှု ရှိသည်ကို တွေ့ရှိရပါသည်။

ဒေါ်တနောကျေးရွာ၏ အရင်းမြစ်အသုံးပြုမှုဇယား

ကျား	မ	ကျား+မ
တံခွန်တိုင်	အပ်ချုပ်စက်	ထွန်စက်
ကျွဲ ၊နွား	လက်ကန်းယက်	သစ်တော
ဆန်စက်		အိမ်
ဘောလီဘောကွင်း		တောင်ယာ
ခြင်းလုံးကွင်း		လမ်း
ဆိုင်ကယ်		လယ်

ဒေါ်တနောကျေးရွာ၏ အရင်းမြစ်ထိန်းချုပ်မှုဇယား

ကျား	မ	ကျား+မ
တံခွန်တိုင်	အပ်ချုပ်စက်	ထွန်စက်
ကျွဲ ၊နွား	လက်ကန်းယက်	သစ်တော
ဆန်စက်		အိမ်
ဘောလီဘောကွင်း		တောင်ယာ
ခြင်းလုံးကွင်း		လမ်း
ဆိုင်ကယ်		လယ်

ပါဝင်ဆွေးနွေးသူ

ကျား- ၂၀ဦး

မ - ၂၀ဦး

မှတ်တမ်းတင်သူ

အမည် - ဦပလျားးရယ်

ရာထူး - လူထုစည်းရုံးရေးမှူး

ဒေါတနောကျေးရွာ၏ အရင်းမြစ်အသုံးပြုမှုနှင့် ထိန်းချုပ်မှုသုံးသပ်ချက်


ဒေါတနောကျေးရွာ၏ အရင်းအမြစ် အသုံးပြုမှုနှင့် ထိန်းချုပ်မှု သုံးသပ်ချက်အား ကျေးရွာတွင်းရှိ အမျိုးသမီးများနှင့် အမျိုးသားများ အသုံးပြုပြီး ထိန်းချုပ်မှု အခြေအနေ နှင့် ကျေးရွာတွင်းအရင်းအမြစ်များအပေါ် စီမံခန့်ခွဲမှု အခြေအနေအပေါ်တွင် ဆွေးနွေးသုံးသပ်ထားခြင်း ဖြစ်ပါသည်။ ကျေးရွာတွင် အမျိုးသားများအသုံးပြုသော အရင်းအမြစ်များအဖြစ် လယ်ထွန်စက်၊ ကျွဲနွား၊ ဆိုင်ကယ်၊ ဆန်စက်၊ ဘောလီဘောကွင်း၊ ခြင်းလုံးကွင်းနှင့် ရိုးရာတံခွန်တိုင်စသည့် အရင်းအမြစ်များကို တွေ့ရှိရပါသည်။တံခွန်တိုင်၊ ဆန်စက် ၊ လယ်ထွန်စက်၊ ဘောလီဘောကွင်း၊ ခြင်းလုံးကွင်းသည်အမျိုးသားများထိန်းချုပ် သော အရင်းအမြစ်များအဖြစ် မြင်တွေ့ရပါသည်။

အမျိုးသမီးများ အသုံးပြုသော အရင်းအမြစ်များမှာ အပ်ချုပ်စက် နှင့်လက်ယက်ကန်း စသည် အိမ်တွင်းမှုသုံး အရင်းအမြစ်များ ဖြစ်ကြသည်။ ထိုအရင်းအမြစ်များကို သာ အမျိုးသမီးများ အဓိက ထိန်းချုပ်မှုပြုကြပါသည်။

အမျိုးသားနှင့် အမျိုးသမီးတန်းတူ သုံးစွဲသောအရင်းမြစ်များအဖြစ် အိမ်၊ လမ်း၊ ရေ၊ သစ်တော၊ လယ်၊ တောင်ယာ ၊ စာသင်ကျောင်းနှင့် ခန်းမဆောင်များစသည့် အရင်းအမြစ်များဖြစ်ကြပါသည်။ ထိုအရင်းအမြစ်များကို အမျိုးသားနှင့် အမျိုးသမီးများ အတူတကွ ထိန်းချုပ်မှုပြုကြသည် ကိုလည်းတွေ့ရှိရပါသည်။

ကျေးရွာတွင် အမျိုးသားများနှင့် အမျိုးသမီးများ အရင်းအမြစ်များ သုံးစွဲမှု နှင့် ထိန်းချုပ်မှုတို့အပေါ် ဆွေးနွေးသုံးသပ်ချက်များအရ အမျိုးသားများနှင့် ပိုမို ဆီလျော်မှုရှိသော အမျိုးသားများ အသုံးပြုကြပြီး အိမ်တွင်းမှုနှင့်ဆိုင်သော အရင်းအမြစ်များကို အမျိုးသမီးများမှ အသုံးပြုကြကာ အမျိုးသားများနှင့် အမျိုးသမီးများ အတူတကွ အသုံးပြုနိုင်သော အရင်းအမြစ်များကို အတူတကွအသုံးပြုကြသည်ကို တွေ့ရှိရပြီး အမျိုးသားနှင့် အမျိုးသမီးတို့အကြား အရင်းအမြစ် အသုံးပြုမှုနှင့် ထိန်းချုပ်မှုတို့အပေါ်တွင် ထိန်းချုပ်ကန့်သတ်ထားမှုမျိုးမရှိပဲ မျှတစွာ အသုံးပြု ထိန်းချုပ်မှု ပြုကြသည်ကို တွေ့ရှိရပါသည်။

ပင့်ကူအိမ်ပြမြေပုံ



ပင့်ကူအိမ်သုံးသပ်ချက်များ

ဒေါတနောကျေးရွာ၏ ပင့်ကူအိမ်သုံးသပ်ချက်အရကျေးရွာရှိ အမျိုးသားနှင့်အမျိုးသမီးများ၏ရပ်တည်မှုအခြေအနေနှင့် အခွင့်အလှမ်းရရှိမှုအခြေအနေမှာ (၁)ဦးဆောင်မှုအပိုင်းတွင် အမျိုးသားများသည် (၉၀%) ရှိပြီး အမျိုးသမီးများက (၇၀%) ရှိကာ အမျိုးသမီးများ ဦးဆောင်မှုအပိုင်းတွင် အမျိုးသားများထက် နည်းရခြင်းအကြောင်းမှာ အမျိုးသမီးအများစုသည် မိမိကိုယ်ကိုယုံကြည် မှုနည်းနေခြင်းနှင့် ကျေးရွာဖွံ့ဖြိုးမှုအပိုင်းဆောင်ရွက်ရာတွင် အမျိုးသားများက သာ ဦးဆောင်နေခြင်းကြောင့် ဖြစ်ပါသည်။

(၂)ဝင်ငွေရရှိမှုအပိုင်းတွင် အမျိုးသမီးနှင့်အမျိုးသားများသည် (၅၀%)အချိုးတူညီသည်ကို တွေ့ရသည်။သို့သော်လည်းအမျိုးသမီးများသည်အိမ်မှုကိစ္စများပိုလုပ်ဆောင် နေရခြင်း၊ လယ်ယာလုပ်ငန်းများတွင် ကူညီလုပ်ဆောင်နေရခြင်း နှင့်တနိုင်တပိုင်မွေးမြူရေးလုပ်ငန်းများလုပ်ဆောင်နေရခြင်းတို့ကြောင့်အမျိုးသားများနည်းတူ ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်နိုင်မှု အားနည်းသည်ကို တွေ့ရှိရပါသည်။

(၃)အိမ်မှုကိစ္စ လုပ်ဆောင်သည့်အပိုင်းတွင် အမျိုးသားများသည်(၉၀%)ရှိပြီးအမျိုးသမီး(၉၀%) ရှိသည်။ ကျေးရွာရှိ အစဉ်အလာအရ အမျိုးသမီးများသည် အိမ်မှုကိစ္စတွင် ဦးစီးဆောင်လုပ်ကိုင်ရန် သွန်သင်ဆုံးမခြင်းခံခဲ့ကြရသဖြင့် အမျိုးသမီးအများစုမှာ အိမ်မှုကိစ္စတွင် ဦးစီးဆောင်ရွက် ရပါသည်။

(၄)ကျေးရွာဖွံ့ဖြိုးရေးအပိုင်းပူးပေါင်းပါဝင်ဆောင်ရွက်ရာတွင် အမျိုးသားများ (၉၀)% ပါဝင်မှုရှိပြီး အမျိုးသမီးသည် (၈၀%) ရှိပါသည်။ အမျိုးသားများသည်အမျိုးသမီးထက်(၁၀%)များပါသည်။ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်မှုတွင် အမျိုးသားများ ပိုမိုပါဝင်ဆောင်ရွက်နေခြင်း၊ ကျေးရွာ အစည်းအဝေးတက်ရောက်သည့်အခါအမျိုးသားများသာ ပိုမိုတက်ရောက်ပါဝင်နေခြင်းနှင့်ရပ်ရေး ရွာရေးမှာ အမျိုးသားများ ဦးဆောင်ပြီးစီမံခန့်ခွဲမှုပြုလုပ်နေခြင်း တို့ကြောင့် ပူးပေါင်းပါဝင်မှု တွင်အမျိုးသားများမှ အမျိုးသမီးထက်များရခြင်းဖြစ်ပါသည်။


(၅)ကျေးရွာအတွင်း လုပ်ငန်းဆောင်ရွက်ရန်ဆုံဖြတ်ချက်ချမှုအပိုင်းအမျိုးသားသည် (၁၀၀%) ရှိ သည်။ အမျိုးသမီးထက်(၂၀%) ပိုများသည်။အမျိုးသမီးအများစုသည်ဆုံးဖြတ်ချက်ချမှတ်နိုင်သည့် အခွင့်အလှမ်းအားနည်းခြင်း၊ အိမ်မှုကိစ္စနှင့် ကလေးထိန်းနေခြင်းဖြင့် ရပ်ရေးရွာရေးအပိုင်းပါဝင်မှုနည်းနေခြင်းတို့ကြောင့် အမျိုးသားထက်နည်းရခြင်းဖြစ်သည်။အမျိုးသမီးများအား ရပ်ရေး ရွာရေးကိစ္စရပ်များတွင် ဆုံးဖြတ်ချက်ချမှတ်စေပါက အလေ့အထနည်းပါးမှုကြောင့် ဆုံးဖြတ်ချက် ချမှတ်ရန် မဝံ့မရဲဖြစ်ကြရသည်ကို လည်း တွေ့ရှိရပါသည်။

(၆)ကျေးရွာတွင်းနှင့်ကျေးရွာပြင်ပ အလုပ်အကိုင်အခွင့်လမ်းရရှိမှုတွင် အမျိုးသားနှင့် အမျိုးသမီးအချိုးတူ(၅၀%)ရှိကြပါသည်။အကြောင်းမှာကျေးရွာအတွင်းရှိတောင်ယာ၊ လယ်လုပ်ငန်းများတွင် အမျိုးသားနည်းတူ အမျိုးသမီးများ အတူတကွ လုပ်ကိုင်နိုင်ကြပြီး အချိုးတူဝင်ငွေရရှိခြင်းဖြစ်သည်။

(၇) လုံခြုံမှုတွင် အမျိုးသမီးများမှ အမျိုးသားများထက် (၃၀%)နည်းပါးသည်ကို တွေ့ရှိရပါသည်။အမျိုးသမီးသည်အမျိုးသားထက်ပိုမို အားနည်းခြင်း၊ မိမိကိုယ်ကို ယုံကြည်မှုနည်းခြင်း နှင့်မိမိကိုယ်ကို ကာကွယ်နိုင်မှုသည်အမျိုးသားထက်အားနည်းနေခြင်းတို့ကြောင့် ဖြစ် သည်ဟု ဆွေးနွေးခဲ့ပါသည်။

(၈)အမျိုးသားများ နှင့်အမျိုးသမီးများ အမွေရရှိမှုတွင် မိဘများမှ အမျိုးသား၊ အမျိုးသမီး ခွဲခြားမှုမရှိပဲ တန်းတူရရှိကြသည်ကို တွေ့ရှိရပါသည်။

အဖွဲ့အစည်းချိတ်ဆက်မှုပြပုံ



ပါဝင်ဆွေးနွေးသူ

ကျား- ၂၀ဦး

မ - ၂၀ဦး

မှတ်တမ်းတင်သူ

အမည် - ဦပလျားးရယ်

ရာထူး -လူထုစည်းရုံးရေးမှူး

အဖွဲ့အစည်းချိတ်ဆက်မှုပြုပုံ (ဗင်းပုံစံ)သုံးသပ်ချက်များ


ဒေါတနောကျေးရွာတွင် ကျေးရွာတွင်း ဖွဲ့စည်းထားသည့်အဖွဲ့များမှာ ကျေးရွာအုပ်ချုပ်ရေးမှူးအဖွဲ့၊ လူငယ်အဖွဲ့၊ အမျိုးသမီးအဖွဲ့၊ ရေကော်မတီ၊ ကျောင်းကော်မတီ စသည့် အဖွဲ့အစည်းများဖြစ်ကြပြီးကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်ရာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများကဏ္ဍအလိုက်ဦးဆောင်မှုပြုကြသည်ကိုတွေ့ရှိရပါသည်။ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းစဉ် တလျှောက်အရေးပါဆုံး အဖွဲ့မှာကျေးရွာအုပ်ချုပ်ရေးမှူးအဖွဲ့ဖြစ်ပြီး ရပ်ရေးရွာရေးအတွက်ဦးဆောင်လုပ်ကိုင်သော အဖွဲ့အစည်းတစ်ခုဖြစ်ကာ ပြင်ပများနှင့် ချိတ်ဆက်ဆောင်ရွက်မှုနှင့် ကျေးရွာတွင်း အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများတွင် စီမံခန့်ခွဲဆောင်ရွက်ပေး လေ့ရှိပါသည်။

လူငယ်အဖွဲ့.နှင့်.အမျိုးသမီးအဖွဲ့.များသည်ကျေးရွာတွင်း လူမှုရေးလုပ်ငန်းများ ၊ ပွဲလမ်းသဘင်များတွင် အဓိကအင်အားတစ်ရပ်အဖြစ် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပြီး ကျေးရွာတွင် အရေးပါသောအဖွဲ့အစည်းများ ဖြစ်ကြပါသည်။ ကျောင်းကော်မတီသည်ကျေးရွာပညာရေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများကို အဓိက ဦးဆောင်လုပ်ကိုင်ပေးကြပြီး ကျောင်းနှင့်ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေး၊ ကျောင်းသား/သူ ရေးရာကိစ္စရပ်များနှင့် ကျောင်းအဆောက်အဦး ပြုပြင်ခြင်း၊ တိုးချဲ့ခြင်းနှင့်ထိန်းသိမ်းခြင်း လုပ်ငန်းများ၊ ပညာရေးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်သော လုပ်ငန်းများတွင် အဓိကဦးဆောင်မှုပေးကာ ပါဝင်ဆောင်ရွက်ကြပါသည်။

CDD အဖွဲ့.သည် ၂၀၁၇ခုနှစ်မှ စတင်ကာ ကျေးရွာများအတွက် အခြေခံအဆောက်အဦး ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အဓိကပံ့ပိုးဆောင်ရွက်ပေးသောအဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ ၂၀၁၇ ခုနှစ်တွင် ကျေးရွာချက်ဆက် မြေသားလမ်းတိုးချဲ့ပြုပြင်ခြင်း လုပ်ငန်းအား ကျေးရွာလူထု ပူးပေါင်းပါဝင်မှုနှင့်အတူ လက်တွဲအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် CDD လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်မှုများတွင် အဓိကအခန်းကဏ္ဍမှ ဦးဆောင်မှု ပေးကြပါသည်။ ၂၀၁၉ခုနှစ်တွင် ကျေးလက်အဖွဲ့မှ ရေပိုက်သွယ်တန်းခြင်းလုပ်ငန်းကို ပြုလုပ်ပေးပြီး CDDလုပ်ငန်းဖြစ်သော စာသင်ကျောင်းဆောင်ဆောက်လုပ်ပေးခဲ့ပါသည်။

မြစိမ်းရောင်အဖွဲ့.သည်ကျေးရွာတွင်းငွေစုငွေချေးလုပ်ငန်း လည်ပတ်ဆောင်ရွက်နိုင်ရန်အတွက် မတည်ငွေပံ့ပိုးပေးခဲ့ပါသည်။ ကရင်နီအဖွဲ့.သည်တစ်လတစ်ကြိမ်နယ်လှည့်ကာဆေးဝါးကုသမှုပေးခြင်း၊ ကျေးရွာပတ်ဝန်းကျင်ရှိ သစ်တောများ စီမံခန့်ခွဲခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးပါသည်။

ကျေးရွာစီ/ထောက်ကော်မတီဖွဲ့စည်းပုံဇယား



ပါဝင်ဆွေးနွေးသူ

ကျား- ၂၀ဦး


မ - ၂၀ဦး

မှတ်တမ်းတင်သူ

အမည် - ဦပလျားရယ်

ရာထူး -လူထုစည်းရုံးရေးမှူး

ကျေးရွာအုပ်စုစီထောက်ကော်မတီဖွဲ့စည်းပုံဇယား



ပါဝင်ဆွေးနွေးသူ

ကျား- ၉ မ- ၄ မှတ်တမ်းတင်သူအမည် ဦးပလျားရယ် ရာထူး လူထုစည်းရုံးရေးမှူး

ပုံစံ - ၉ - ၁ မူထုတ်ရွာအခြေခံအချက်အလက်များ (Form PC 1)

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ကရွာတစ်ရွာသို့ ပထမဆုံးဝင်ရောက်ခရီးသွားရောက်သောအခါ လူထုဝင်းပုံဝရေးမှူးသည် ကျေးရွာ ဖေါင်းဆောင်များအားကျေးရွာမလွှတ်အလယ်များကိုမေးမြန်းသိရှိခဲ့ကြောင်း၊ ဆေးရုံသည်းကျန်းအလုပ်များကိုစီမံကိန်းဆိုင်ရာအလုပ်အဝန်းအဝိုင်းအတိုင်းအတာ၊ ကျေးရွာမလွှတ်အလယ်များကိုစီမံကိန်းဆိုင်ရာအလုပ်အဝန်းအဝ

(ခ) အခက်အခဲများကြုံတွေ့ရသော အသိုင်းအဝိုင်းများ

စာသင်ပေးကျောင်း	အမှတ်ခြစ်ပါ	ကျန်းမာရေး	အမှတ်ခြစ်ပါ	ဘာသာရေးအဆောက်အအုံများ	အမှတ်ခြစ်ပါ
အထက်တန်းကျောင်း	☐	ဓလေးရုံ	☐	စေတီ	☐
အလယ်တန်းကျောင်း	✓	ကျန်းမာရေးဌာန	☐	ဘုန်းကြီးကျောင်း	☐
မူလတန်းကျောင်း	✓	ကျန်းမာရေးဌာနခွဲ	☐	ဟိန္ဒူဘုရားကျောင်း	☐
မူကြိုကျောင်း	✓	ဆေးခန်းခန်း	☐	ခရစ်ယာန်ကျောင်း	☐
အခြား	☐	အခြား	☐	ဓလီ	☐
				အခြား	✓
မှတ်ချက်		မှတ်ချက်		မှတ်ချက် ဂုဏ်ပြုဘုရားကျောင်း	

(ဂ)ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သောကျွမ်းကျင်သူများ)

(၁) စာသင်ကျောင်း			(၂)ကျန်းမာရေး			(၃) လက်မှုပညာရှင်		
	ရွာတွင်နေထိုင်သူ	အခြားရွာမှလာသူ		ရွာတွင်းနေထိုင်သူ	အခြားရွာမှလာသူ		ရွာတွင်းနေထိုင်သူ	အခြားရွာမှလာသူ
မူလတန်းပြဆရာ/မ	☐	✓	ဆရာဝန်	☐	☐	လက်သမား	☐	☐
အထက်တန်းပြဆရာ/မ	☐	☐	လက်ထောက် ကျန်းမာရေးမှူး	☐	☐	ပန်းရံ	☐	☐
အလယ်တန်းပြဆရာ/မ	☐	✓	အမျိုးသမီးကျန်းမာရေး ဆရာမ	☐	☐	လျှပ်စစ်ကျွမ်းကျင်သူ	☐	☐
မူကြိုဆရာ/မ	☐	✓	သားဖွားဆရာမ	☐	☐	ရေပိုက်သွယ်သူ	☐	☐
အခြား	☐	☐	ပြည်သူ့ကျန်းမာရေးလုပ်သား	☐	☐	စက်ပြင်ဆရာ	☐	☐
မှတ်ချက်			မှတ်ချက်			မှတ်ချက်		

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့်လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ(အောက်ပါတို့ကိုပိုင်းပါ)

✓ ✓

ကျောက်ကြမ်းလမ်း ✓ ကတ္တရာလမ်း ကွန်ကရစ်လမ်း မော်တော်ဆိုင်ကယ်လမ်း

ကျောက်ခင်းလမ်း မြေသားလမ်း လူသွားလမ်း အခြား _____

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? ရှိပါသည်/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ကျစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ်-/မသိပါ

(၃)ကျစီမံချက်ကို မြို့နယ်မှအာဏာပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ကျကျေးရွာ၏ဗဟိုမှငင်းကျေးရွာအုပ်စု၏ဗဟိုအထိခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်-/မသိပါ

(၂) ကျကျေးရွာမှ ငင်းကျေးရွာအုပ်စုဗဟိုအထိသွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်---၂:၀၀-----ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လား/မော်တော်ဘုတ်/

အခြား .....

မိုးရာသီတွင်ကြာချိန်-----၃:၃၀-----ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လား/မော်တော်ဘုတ်/

အခြား .....

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာသဘာဝဘေးအန္တရာယ်

ကျကျေးရွာတွင်ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

မရှိပါ ရှိပါသည် ရှိလျှင်ဖေါ်ပြပါ.....

(ဇ) ကျေးရွာတွင် ဖွံ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ကျကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ(သို့)ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) .....

(၂) .....

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ကျကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်ကမ်းတင်ထားမှု ရှိပါသလား။

မရှိပါ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် ဦးကြည်

လက်မှတ် နေ့စွဲ ၉-၁၀-၂၀၁၉

လူထုစည်းရုံးရေးမှူး အမည် ဦးဝဏ္ဏစာယ်

လက်မှတ် နေ့စွဲ ၉-၁၀-၂၀၁၉

ပုံစံ - စ-၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

ဤပုံစံကို သတ်မှတ်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်းကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကိုဖြည့်သွင်းရမည်။

စည်းရုံးရေးမှူး/လက်ထောက်နည်းပညာရေးမှူးဝန်ထမ်း အမည် -

နေ့စွဲ

စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) □ စက်ဝန်း(၂) □ စက်ဝန်း(၃)

ပြည်နယ်/တိုင်း	မြို့နယ်	ကျေးရွာအုပ်စု	ကျေးရွာ

စီမံကိန်းဆောင်ရွက်မှုအဆင့်များ	နေ့စွဲ		အစည်းအဝေးတွင်တက်ရောက်သူအရေအတွက်					
	စတင်သည့်နေ့	ပြီးဆုံးသည့်နေ့	အမျိုးသား အရေအတွက်	အမျိုးသမီး အရေအတွက်	အိမ်ထောင်စုအရေအတွက်	လူမျိုးစုတက်ရောက်သူ အရေအတွက်နှင့် လူမျိုးစုအမည်	အိမ်ထောင်စု ပေါင်း	အိမ်ထောင်စု %
၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး								
၂။ ကျေးရွာခွဲ/ကြီးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး								
၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံး ဂြိတ်ချက်ချ အစည်းအဝေး								
၄။ ဒုတိယနှစ်အတွင်းစီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးတော်မဘီတို့၏ စီမံကိန်း အစည်းအဝေး			မလို	မလို	မလို	မလို		
၅။ ပြီးဆုံးသွားသော စီမံကိန်းများဆွေးနွေး ရန်အတွက်တောင်ပေါ်ဒေသခံ ကိုယ်စားလှယ်များကို ဖိတ်ကြားသည့်အစည်းအဝေး								

ပထမနှစ်စက်ဝန်းကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်

ပုံစံ - ၉ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

လမ်းညွှန်ရွာကဲ့

ကား အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက်
အဓိက အခက်အခဲအတားအဆီးများသည် မည်သည့်များဖြစ်ပါသနည်း (အမျိုးသား/ဒေသ အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ

အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် (၅) နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလာဒေသများအား တင်ပြပါ။

အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ

အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ

ဂ။ လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွင်း အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

အဆင့်	ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ	အဆိုပြုသူ (အမျိုးသား/ အမျိုးသမီးများ/အမျိုးသား + အမျိုးသမီး)	ခန့်မှန်းကုန်ကျ ငွေကြေး	အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေ အတွက်
၁				
၂				
၃				
၄				
၅				


ယခု လုပ်ထုံးလုပ်နည်းကို လာရောက်သည့် (၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း အစီအစဉ်များအား ဖော်ပြပါ။

အဆင့်	ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်းစဉ်များ	အစုပြုလုပ် အကျိုးသယ်ယူ အကျိုးသင်းများ အဖွဲ့သား+ အသိုးသင်း	အခန်းကဏ္ဍ
၁			
၂			
၃			
၄			
၅			


စေ်းဖဆော်၊ ကျေးရွာစီမံကိန်းအစောတော်ဆောက်လုပ်ရေးအဖွဲ့ဝင်များ အသေးစိတ်ဖော်ပြခြင်း


အမည် ဦးလှိုင်ဝေယံ လက်မှတ် ရေးထိုး နေ့စွဲ ၂၅-၇-၂၀၂၃

ဒုတိယနှစ်စက်ဝန်းကျူးရှာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်



တတိယနှစ်စက်ဝန်းကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်





၈။ လူထုစီမံကိန်း၏ လာဘည့်(၄)နှစ်အတွက် အကျိုးခံစားရသော ဦးစားပေး ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း အစီအစဉ်များအကြောင်း ဖော်ပြခြင်း

ဦးစား ပေး အဆင့်	ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ	အဆို ပြုသူ	အခန်းကဏ္ဍ	ဦးစား ပေး အဆင့် သတ်မှတ် ချက်	စုစုပေါင်း ကုန်ကျ စရိတ်	အကျိုးခံစားရမည့် ခန့်မှန်းခြေအရေ အတွက်		
						ကျား	မ	ပေါင်း
၁	ကျောင်းကြီးကျောင်းအုတ်မြစ်ချခြင်း	ကဖ	ပညာရေး	၁	၁၅၀	၁၁၁	၁၁၃	၂၂၄
၂	ကျောင်းကန်ဖြစ်စေခြင်းနှင့် ကဖ		ပညာရေး	၂	၈၀	၁၁၁	၁၁၃	၂၂၄
၃	ကြေးမုံတိုင်	ကဖ	-					
၄	ကံကောင်းကြယ်ပွင့်အုပ်စု ကဖ		လမ်းပေါက်သစ်ပျိုးခြင်း	၃	၈၀	၁၁၁	၁၁၃	၂၂၄
၅	ကြက်ခြေတည်ဖြစ်ကောက်ကွင်း ကဖ		ရေနှုတ်မြောင်းတူးခြင်း	၄	၅၀	၁၁၁	၁၁၃	၂၂၄
၆	ဇရပ်ကြီးကုန်းကြီးတောင်ကွင်း ကဖ		ရေနှုတ်မြောင်းတူးခြင်း	၅	၃၀	၁၁၁	၁၁၃	၂၂၄
၇	လမ်းပေါက်ဖောက်လုပ်ခြင်း		လမ်းပေါက်သစ်ပျိုးခြင်း	၆	၅၀	၁၁၁	၁၁၃	၂၂၄
၈								

ဃ။ လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျိုးခံစားရသော ဦးစားပေး ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း အစီအစဉ်များအကြောင်း ဖော်ပြခြင်း

အဆင့်	ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ	အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/ အမျိုးသား + အမျိုးသမီး)	အခန်းကဏ္ဍ
၁	ခြံလှေကားပြေးလှေကားပုံဆွဲခြင်း	က	ဆွဲပေးလှုပ်ရှားရေး
၂	ရေလောင်းပေးစနစ်ပြုပြင်ခြင်း	က+မ	ကျန်းမာရေး
၃			
၄			
၅			
၆			
၇			
၈			

ဖော်ပြပါအတိုင်း ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီမှအတည်ပြုသည်။

အမည် ဦးပိုက်ကြီး လက်မှတ် နေ့စွဲ ၂၀၁၀-၂၀၁၁

စတုတ္ထနှစ်စက်ဝန်းကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်

ပုံစံ စ-၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

သမ်းညွှန့်ရွာကို အဆင့်(၃)ကျေးရွာမျော်မှန်းချက်အရည်အဆေးပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီ လှုပ်ရှားရည်းရွယ်ချက်အကျိုးရလဒ်ဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။

လှုပ်ရှားရည်းရွယ်ချက်/ပန်ထည်း အမည်			
ရန်ပုံငွေ		စက်ပန်းအား အမှတ်ခြစ်ပါ (√) □ စက်ပန်း(၁) □ စက်ပန်း(၂) □ စက်ပန်း(၃) □ စက်ပန်း(၄)	
ပြည်နယ်/တိုင်း	မြို့နယ်	ကျေးရွာအုပ်စု	ကျေးရွာ

က။ အဆက်အခဲအတားအဆီးများအား ဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအဆက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအဆက်အခဲ ၅ ခုစီဖော်ပြပါ)

အုပ်စုဖွဲ့.ဆွေးနွေးမှုများမှ တင်ပြသောအဆက်အခဲအတားအဆီးများ	
သမ်းမြေပို့ အဆက်သွယ်ရေးဆက်စပ်ရန်ကြာ မြစ်ကူးစက်ရေးကိုရေးကိုးကားမှု ရှောင်ရှားခြင်း	□ ကျား □မ □ ကျား
ကစ်ဒွန့် ပတ်လည်း ဒေသကိုသုံး ဈေးသို့လေးကိုမှု မရှိခြင်း	□ ကျား □မ □ ကျား
ဖြေးဆေးရှိခြင်း၊ ပြည်ကြီး ကလေး ကျွေးမွေးပညာရေး မိသားစုရဲ့ စီမံမှု ဈေးတိုးတက်မှုရှောင်ရှားခြင်း	□ ကျား □မ □ ကျား
ကျေးရွာအတွင်း လမ်းကွက် ကဲကား ရှိခြင်း ရပ်ကွက်ဖို့ ကျေးရွာဒီကွက် မှာ ဟရုပ်အတိုးမြင့်မြှင့်ခြင်း	□ ကျား □မ □ ကျား
	□ ကျား □မ □ ကျား
	□ ကျား □မ □ ကျား
	□ ကျား □မ □ ကျား
	□ ကျား □မ □ ကျား

ခ။ မျှော်မှန်းခြင်း- နောင်လာမည့် (၅)နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

အုပ်စုဖွဲ့.ဆွေးနွေးမှုများမှ တင်ပြသောအဆက်အခဲအတားအဆီးများ	
လမ်းမြေပို့ အဆက်သွယ်ရေး ဆက်စပ်ရန် ရာသီဥတု လာရှိခြင်းစေရန်	□ ကျား □မ □ ကျား
တစ်ဒွန့်ပတ်လည်း ဒေသကိုသုံး ဈေးသို့လေးကိုမှု ရှိရှိမြင်စေရန်	□ ကျား □မ □ ကျား
ကလေး ကျွေးမွေးပညာရေး မိသားစုရဲ့စီမံမှု ဈေးတိုးတက်မှုရှောင်ရှားခြင်း	□ ကျား □မ □ ကျား
ကျေးရွာအတွင်း လမ်းကွက် ကဲကား ရှိခြင်း ရပ်ကွက်ဖို့ ကျေးရွာဒီကွက် မှာ ဟရုပ်အတိုးမြင့်မြှင့်ခြင်း	□ ကျား □မ □ ကျား
	□ ကျား □မ □ ကျား
	□ ကျား □မ □ ကျား

လူထုဦးဆောင်အဖွဲ့ အဆင့်(၃)ကျေးရွာမျော်မှန်းရမှတ်အဝင်းအပေါ်ပြီးဆုံးသောအခါ ကျေးရွာစီပံကိန်း အဖော်ကိုအကဲဖြတ် ... လူထုဦးဆောင်းရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံစေအောင် ဖြည့်သွင်းရမည်။

လူထုဦးဆောင်းရေးမှူး/ဝန်ထမ်း အမည်	
နေရပ်	စကားဝန်းအား အမှတ်ခြစ်ပါ (√) □ စကားဝန်း(၁) □ စကားဝန်း(၂) □ စကားဝန်း(၃) □ စကားဝန်း(၄)
ပြည်နယ်/တိုင်း	မြို့နယ် ကျေးရွာအုပ်စု ကျေးရွာ

က။ အခက်အခဲအတားအဆီးများအား ဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင်ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

အုပ်စုဖွဲ့ဆွေးနွေးမှုများမှ တင်ပြသောအခက်အခဲအတားအဆီးများ	
လမ်းမကောင်းခြင်း၊ ဆက်သွယ်ရေးခက်ခဲမှုကြောင့် ပြင်ပဈေးကွက်နှင့်ကုန်သွယ်ရောင်းဝယ်မှုပြုလုပ်ရာတွင်	□ ကျား □မ □ ကျား+
ကစ္စနဒီမြစ်ကြီးဘေးတွင်ရှိခြင်းကြောင့် ရေလွှမ်းမိုးခံရခြင်း	□ ကျား □မ □ ကျား+
မြေဆီလွှာကောင်းမွန်ခြင်း၊ စပ်ကြားကောင်းမွန်ခြင်းကြောင့် ကျေးရွာအတွင်းရှိ အိမ်ခြံမြေများတွင် ရေတိုးတက်မှုများစွာရှိခြင်း	□ ကျား □မ □ ကျား+
ကျေးရွာအတွင်း လမ်းများကို ကတ်ကလာ ခဲမြှုပ်ခြင်းမရှိသောကြောင့် မိုးရာသီတွင် လူများအတွေ့အကြုံခံရခြင်း	□ ကျား □မ □ ကျား+
	□ ကျား □မ □ ကျား+
	□ ကျား □မ □ ကျား+
	□ ကျား □မ □ ကျား+
	□ ကျား □မ □ ကျား+

ခ။ မျှော်မှန်းခြင်း- နောင်လာမည့် (၅)နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

အုပ်စုဖွဲ့ဆွေးနွေးမှုများမှ တင်ပြသောအခက်အခဲအတားအဆီးများ	
လမ်းမကောင်းခြင်း၊ ဆက်သွယ်ရေးခက်ခဲမှုကြောင့် ပြင်ပဈေးကွက်နှင့်ကုန်သွယ်ရောင်းဝယ်မှုပြုလုပ်ရာတွင်	□ ကျား □မ □ ကျား+
ကစ္စနဒီမြစ်ကြီးဘေးတွင်ရှိခြင်းကြောင့် ရေလွှမ်းမိုးခံရခြင်း	□ ကျား □မ □ ကျား+
မြေဆီလွှာကောင်းမွန်ခြင်း၊ စပ်ကြားကောင်းမွန်ခြင်းကြောင့် ကျေးရွာအတွင်းရှိ အိမ်ခြံမြေများတွင် ရေတိုးတက်မှုများစွာရှိခြင်း	□ ကျား □မ □ ကျား+
ကျေးရွာအတွင်း လမ်းများကို ကတ်ကလာ ခဲမြှုပ်ခြင်းမရှိသောကြောင့် မိုးရာသီတွင် လူများအတွေ့အကြုံခံရခြင်း	□ ကျား □မ □ ကျား+
	□ ကျား □မ □ ကျား+
	□ ကျား □မ □ ကျား+

အစည်းအဝေးအစီရင်ခံစာ

နေ့ရက် ... အချိန် ... မှ ... သို့

နေရာ ... ကျေးရွာအုပ်စု/ကျေးရွာ ... ပါဝင်သူဦးရေ: ... / ...

ပြုလုပ်နည်း ... ပြည်နယ် ...

အစည်းအဝေးအစီအစဉ်

၁ ...

၂ ...

၃ PRA Tools ...

၄ ...

၅ ...

ဆွေးနွေးသည့်အကြောင်းအရာများ	ဦးဆောင်ဆွေးနွေးသူ
PRA Tools ... Data ... update ... (...) ... ...

ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

ကဏ္ဍ	စဉ်	လုပ်ငန်းအမျိုးအစား	အဆိုပြုသူ (အမှန်ခြစ်ရန်)			ခုနှစ်	ထောက်ပံ့မည့်အဖွဲ့. အစည်း(သို့) ဌာန	မှတ်ချက်
			ကျား	မ	ကျား +မ			
(ပဲစေ့ဥလေးမိုးပေါ်ဆီစိုက်ပျိုးခြင်း ကဲ့သို့) ယဉ်ပေါင်းစုံစိုက်ပျိုးထုတ်လုပ်ခြင်း	၁	တံတားပြုပြင်ခြင်း	✓					
	၂	လမ်းပြုပြင်ခြင်း			✓			
	၃	ရေလောင်ကန်တည်ဆောက်ခြင်း			✓			
	၄	လျှပ်စစ်မီးသွယ်တန်းခြင်း			✓			
	၅							
	၆							
	၇							
ဥပမာ- ပဲစေ့ဥလေးမိုးပေါ်ဆီစိုက်ပျိုးခြင်း ဘဲနှင့် ငါးမွေးမြူခြင်း(သို့)ယဉ်ပေါင်းစုံစိုက်ပျိုးခြင်း	၁	ဆေးပေးခန်းတည်ဆောက်ခြင်း			✓			
	၂	စာသင်ကျောင်းခြံစည်းရိုးပြုပြင်ခြင်း			✓			
	၃							
	၄							
	၅							
ဥပမာ- ဝါးထိုးဒိုင်ယာဂျင်	၁							
	၂							
	၃							
	၄							
	၅							
	၆							
ဥပမာ- ပေးစေ့ဟုတ်ပါသလား ဖုန်းခေါ်ဆက်ပေးပါ	၁							
	၂							
	၃							
	၄							

	၅								
အခြားကဏ္ဍ (ဌာနဆိုင်ရာများသို့ လွှဲပြောင်းနိုင်ခြင်းနှင့် အကောင် အ ထည်ဖော်နိုင်ခြင်းမရှိသောလုပ်ငန်းများ)	၁								
	၂								
	၃								
	၄								
	၅								
	၆								
	၇								

ဦးစားပေးလုပ်ငန်းအကျဉ်းချုပ်ဇယား

စဉ်	လုပ်ငန်းအမည်	ဦးစားပေး အဆင့်	အဆိုပြုသူ (ကျား)	အဆိုပြုသူ (မ)	အဆိုပြုသူ (ကျား+မ)	မှတ်ချက်
၁။	တံတားပြုပြင်ခြင်း	၁			က	
၂။	ရေလှောင်ကန်တည်ဆောက်ခြင်း	၂			က+မ	
၃။	စာသင်ကျောင်းခြံစည်းရိုးပြုပြင်ခြင်း	၃			က+မ	
၄။	လမ်းပြုပြင်ခြင်း	၄			က+မ	
၅။	မီးသွယ်တန်းခြင်း	၅			က+မ	
၆။	ဆေးပေးခန်းတည်ဆောက်ခြင်း	၆			က+မ	

ပါဝင်ဆွေးနွေးသူ

ကျား -၂၀

မ -၂၀

မှတ်တမ်းတင်သူ

ရာထူး -လူထုစည်းရုံးရေးမှူး

အမည် -ဦးပလျားရယ်

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းများ





ကျေးရွာ	- ဒေါတနောကျေးရွာ
ကျေးရွာအုပ်စု	- မြောက်ပိုင်းကျေးရွာအုပ်စု
မြို့နယ်	- ရှားတောမြို့နယ်
တိုင်းဒေသကြီး / ပြည်နယ်	- ကယားပြည်နယ်

စီမံချက်အမည် - (ɔဖ၂ဝ'×ငှ'xငှ') ဆိုင်ကယ်ကွန်ကရစ်လမ်းခင်းခြင်း

စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ

- ရှားတောမြို့နယ်သို့ အလွယ်တကူဆက်သွယ်သွားလာနိုင်ရန် လိုအပ်သောကြောင့်ဖြစ်ပါသည်။
- ကျောင်းသားကျောင်းသူများအနေဖြင့် လမ်းတွင် ဗွက်များ၊ ချိုင့်များ ဖြစ်နေသောကြောင့် ကျောင်းသွားကျောင်းပြန် အခက်အခဲများ ရှိပါသည်။

စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)

- မိုးတွင်းကာလအတွင်းလမ်းပေါ်တွင်ရေကျော်မှုများ မဖြစ်ပေါ်စေရန် ။
- ကျောင်းသားကျောင်းသူများ ပညာသင်ယူမှုတွင် သွားလာရလွယ်ကူစေရန်။
- စီပွားရေး၊ လူမှုရေး ကိစ္စရပ်များတွင် သွားလာရလွယ်ကူစေရန်။

မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)

- ကွန်ကရစ်လမ်းခင်းပြီးနောက် မိုးတွင်းကာလတွင် သွားလာရပိုမိုလွယ်ကူစေပါလိမ့်မည်။
- ကျောင်းသား/သူများ ပညာသင်ယူမှုတွင်သွားလာရ လွယ်ကူစေသည့် အတွက် ကျောင်းပျက်နှုန်းနဲလာပြီးပညာတတ်မြောက်သူဦးရေများလာစေနိုင်ပါလိမ့်မည်။
- အရေးပေါ်ကျန်းမာရေး အခြေအနေများတွင်လည်း ဆေးရုံသို့အချိန်မီ သွားရောက်နိုင်ပါလိမ့်မည်။

စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)

- အိမ်ခြေ (၇၂) အိမ်အတွက် (ɔဖ၂ဝ'×ငှ'xငှ') ဆိုင်ကယ်ကွန်ကရစ်လမ်းခင်းခြင်း

စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု

ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	ထည့်ဝင်မည့် အစီအစဉ်
• ɔဝ,ဝဝဝ,ဝဝဝ(ငွေသား)	• ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦး စီးဌာန
• _____ (ငွေသား)	• ကျေးရွာ
• _____ (ပစ္စည်း/လုပ်အား)	• ကျေးရွာ

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၂၁၈	၃၁၂	၅၃၀	၂	၃၆	၃၀	၄	၇၂
အကျိုးခံစားမည့်သူ ဦးရေ	၂၁၈	၃၁၂	၅၃၀	၂	၃၆	၃၀	၄	၇၂
မှတ်ချက်။ ချောင်လည်အဆင့် -၁၊ အလယ်အလတ်အဆင့် - ၂၊ ဆင်းရဲ - ၃၊ အလွန်ဆင်းရဲ - ၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)

- ဒေါတနောကျေးရွာ ရပ်မိရပ်ဖအဖွဲ့နှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
- မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(၂) **စီမံချက်စတင်မည့် အချိန် ခန့်မှန်း** - ၂၀၂၁ခုနှစ်၊ မတ်လ

(၃) **စီမံချက်ပြီးစီးမည့်အချိန်** - ၂၀၂၁ ခုနှစ်၊ မေလ

(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် -

- ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာလုံးကျွတ် အစည်းအဝေးခေါ်ယူပြီး လုပ်ငန်းအစီအစဉ်များကို ပွင့်လင်းစွာ တိုင်ပင်ဆွေးနွေးပါမည်။
- ကွန်ကရစ်လမ်းခင်းခြင်းတွင် ကျေးရွာမှ လုပ်အားထည့်ဝင်ပါမည်။
- လိုအပ်ပါက ပစ္စည်းနှင့် ငွေကြေး အသင့်အတင့် ထည့်ဝင်ပါမည်။

(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

- လုပ်ငန်းများ ကောင်းမွန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအဆင့်အလိုက် ကျေးရွာလူထုအား အစည်းအဝေးခေါ်ယူပြီး ဆွေးနွေးတိုင်ပင်ပါမည်။
- လုပ်ငန်းများ အကောင်အထည်ဖော်ပြီးပါကလည်း လုပ်ငန်းပြီးဆုံးမှု အလွဲအပြောင်း လုပ်ဆောင်ခြင်း လုပ်ဆောင်ပါမည်။
- ရေရှည်ကောင်းမွန်ခိုင်ခံ့စေရေးအတွက် လိုအပ်သော ပြုပြင်ထိန်းသိမ်းမှု လုပ်ငန်းများကို အစီအစဉ်ရေးဆွဲပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ဦးဆောင်၍ လုပ်ဆောင်သွားပါမည်။
- ပြုပြင်ထိန်းသိမ်းရေးအတွက် လိုအပ်မည့် ကုန်ကျစရိတ်များကိုလည်း ကျေးရွာအတွင်းရှိ ရွာသူ/သား များထံမှ အလှူငွေ (သို့) စုပေါင်းလုပ်အားဖြင့် ဆောင်ရွက်သွားပါမည်။

ဦးစားပေး စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (၂)

ကျေးရွာ	- ဒေါတနောကျေးရွာ
ကျေးရွာအုပ်စု	- မြောက်ပိုင်းကျေးရွာအုပ်စု
မြို့နယ်	- ရှားတောမြို့နယ်
တိုင်းဒေသကြီး / ပြည်နယ်	- ကယားပြည်နယ်

စီမံချက်အမည် - (၂)မိုင် စိမ့်စမ်းရေသွယ်တန်းခြင်း

- **စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ**
- ကျေးရွာတွင် သောက်သုံးရေအတွက် လူဦးရေများပြားပြီး လက်တူးတွင်းများ နည်းပါးခြင်း၊ နွေရာသီတွင်လည်း ရေခမ်းခြောက်သဖြင့် ရေမလုံလောက်မှုများ ကြုံတွေ့နေကြရပါသည်။
- နွေရာသီ မီးဘေးအန္တရာယ် ကာကွယ်တားဆီးရေး လုပ်ငန်းများတွင်လည်း အခက်အခဲ ကြုံနိုင်ပါသည်။
- သောက်သုံးရေအတွက် အချိန်ပေးလုပ်ဆောင်နေရသဖြင့် အခြားသော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်ရန် အခွင့်အလမ်းနည်းပါသည်။

စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)

- ကျေးရွာသူ/သားများ သောက်သုံးရေ တစ်နှစ်ပတ်လုံး လုံလောက်စွာ အသုံးပြု နိုင်ရန်။
- နွေရာသီ မီးဘေးအန္တရာယ် ကာကွယ်ရာတွင် အခက်အခဲ မရှိစေရန်။
- အခြားဝင်ငွေရလုပ်ငန်းများ ပိုမိုလုပ်ကိုင်နိုင်ပြီး စျေးကွက်စီးပွားရေး ပိုမိုကောင်းမွန်လာစေရန်။

မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)

- ကျေးရွာတွင် စိမ့်စမ်းရေသွယ်တန်းခြင်းဖြင့် သောက် သုံးရေ ဖူလုံစွာရရှိလာမည်။
- နွေရာသီ မီးဘေးအန္တရာယ်ကြုံတွေ့လာပါကလည်း အချိန်မီ လွယ်ကူစွာ ငြိမ်းသတ်နိုင်မည်။
- ထိုသို့ စိမ့်စမ်းရေသွယ်ယူခြင်းဖြင့် အိမ်တိုင်ရာရောက်ရေသွယ်စနစ်သို့ အဆင့်မြှင့်တင် နိုင်ပြီး အချိန်ကုန်သက်သာစွာဖြင့် သောက်သုံးရေဖူလုံစွာရရှိလာနိုင်မည်။

စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)

အိမ်ခြေ (၁၀၇) အိမ်အတွက် စိမ့်စမ်းရေသွယ်တန်းခြင်း (၂)မိုင်

စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု

ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	ထည့်ဝင်မည့် အစီအစဉ်
• ၁၀,၀၀၀,၀၀၀(ငွေသား) • _____ (ငွေသား) • _____ (ပစ္စည်း/လုပ်အား)	• ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦး စီးဌာန • ကျေးရွာ • ကျေးရွာ

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၂၁၈	၃၁၂	၅၃၀	၂	၃၆	၃၀	၄	၇၂
အကျိုးခံစားမည့်သူ ဦးရေ	၂၁၈	၃၁၂	၅၃၀	၂	၃၆	၃၀	၄	၇၂

မှတ်ချက်။ ချောင်လည်အဆင့် -၁၊ အလယ်အလတ်အဆင့် - ၂၊ ဆင်းရဲ - ၃၊ အလွန်ဆင်းရဲ - ၄

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) **တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)** • ဒေါတနောကျေးရွာ ရပ်မိရပ်ဖများနှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီ • မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
(၂) **စီမံချက်စတင်မည့် အချိန် ခန့်မှန်း** - ၂၀၂၁ခုနှစ်၊ မတ်လ
(၃) **စီမံချက်ပြီးစီးမည့်အချိန်** - ၂၀၂၁ ခုနှစ်၊ မေလ
(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် **အစီအစဉ်** - • ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာလုံးကျွတ် အစည်းအဝေးခေါ်ယူပြီး လုပ်ငန်း အစီအစဉ်များကို ပွင့်လင်းစွာ တိုင်ပင်ဆွေးနွေးပါမည်။ • ဒေါတနောကျေးရွာတွင် စိမ့်စမ်းရေသွယ်တန်းရန်အတွက် ကျေးရွာလုပ်အား ထည့်ဝင်ပါမည်။ • လိုအပ်ပါက ပစ္စည်းနှင့် ငွေကြေး အသင့်အတင့် ထည့်ဝင်ပါမည်။
(၅) **လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီ အစဉ်များ** • လုပ်ငန်းများ ကောင်းမွန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအဆင့် အလိုက် ကျေးရွာလူထုအား အစည်းအဝေးခေါ်ယူပြီး ဆွေးနွေးတိုင်ပင်ပါမည်။ • လုပ်ငန်းများ အကောင်အထည်ဖော်ပြီးပါကလည်း လုပ်ငန်းပြီးဆုံးမှု အလွဲအပြောင်း လုပ်ဆောင်ခြင်း နှင့် ဖွင့်လှစ်ပွဲ လုပ်ဆောင်ပါမည်။ • စိမ့်စမ်းရေသွယ်တန်းခြင်းနှင့်ဆက်စပ်သောလုပ်ငန်းများ ရေရှည်ကောင်းမွန် ခိုင်ခံ့စေရေးအတွက် လိုအပ်သော ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများကို အစီအစဉ်ရေးဆွဲပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ဦးဆောင်၍ လုပ် ဆောင်သွားပါမည်။ • ပြုပြင်ထိန်းသိမ်းရေးအတွက် လိုအပ်မည့် ကုန်ကျစရိတ်များကိုလည်း ကျေးရွာ အတွင်းရှိ ကျေးရွာသူ /သားများ၊ လုပ်ငန်းရှင်များထံမှ အလှူငွေ (သို့) စုပေါင်း လုပ်အားဖြင့် ဆောင်ရွက်သွားပါမည်။

ဦးစားပေး စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (၃)

ကျေးရွာ	- ဒေါတနောကျေးရွာ
ကျေးရွာအုပ်စု	- မြောက်ပိုင်းကျေးရွာအုပ်စု
မြို့နယ်	- ရှားတောမြို့နယ်
တိုင်းဒေသကြီး / ပြည်နယ်	- ကယားပြည်နယ်

စီမံချက်အမည် – (၆၀'×၃၀'×၁၂') မူကြိုကျောင်းဆောင်အသစ်ဆောက်လုပ်ခြင်း

စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ

• ကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ နှစ်စဉ် ကျောင်းသားဦးရေကလေးငယ်များ ပိုမိုများပြားလာခြင်းကြောင့် မူကြိုကျောင်းဆောက်လုပ်ရန် လိုအပ်နေပါသည်။

• ကျောင်းသူ/ကျောင်းသားများအတွက် ပညာသင်ကြားရာတွင် အခက်အခဲဖြစ်စေပါသည်။

စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအား ပိုကောင်းအောင်ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)

• မူကြိုကျောင်း ဆောက်လုပ်ခြင်းအားဖြင့် ကျေးရွာနှင့်အနီး ပတ်ဝန်းကျင်ကျေးရွာမှ ကလေးများသည် အခက်အခဲမရှိပဲ အဆင်ပြေစွာ ပညာသင်ကြားနိုင်စေရန်၊

မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)

- မူကြိုကျောင်းဆောက်လုပ်ခြင်းအားဖြင့် ကျေးရွာနှင့်အနီး ပတ်ဝန်းကျင်ကျေးရွာမှ ကလေးများသည် အခက်အခဲမရှိပဲ အဆင်ပြေစွာ ပညာသင်ကြားနိုင်ပါမည်။
- ငယ်စဉ်အရွယ်ကတည်းက ကျောင်းနေပျော်၍ စာတော်သော ကလေးများ ဖြစ်လာကာ ပညာသင်ယူမှုပိုမို ကောင်းမွန်လာစေပြီး ပညာတတ်ဦးရေ များပြားလာစေမည်။

စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)

- (၆၀'×၃၀'×၁၂') မူကြိုကျောင်းဆောင်အသစ်ဆောက်လုပ်ခြင်း

စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု

ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	ထည့်ဝင်မည့် အစီအစဉ်
• ၁၀,၀၀၀,၀၀၀(ငွေသား) • _____ (ငွေသား) • _____ (ပစ္စည်း/လုပ်အား)	• ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန • ကျေးရွာ • ကျေးရွာ

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၂၁၈	၃၁၂	၅၃၀	၂	၃၆	၃၀	၄	၇၂
အကျိုးခံစားမည့်သူ ဦးရေ	၂၁၈	၃၁၂	၅၃၀	၂	၃၆	၃၀	၄	၇၂

မှတ်ချက်။ ချောင်လည်အဆင့် -၁၊ အလယ်အလတ်အဆင့် - ၂၊ ဆင်းရဲ - ၃၊ အလွန်ဆင်းရဲ - ၄

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)

- ဒေါတနောကျေးရွာ ရပ်မိရပ်ဖအဖွဲ့နှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
- မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း - ၂၀၂၁ခုနှစ်၊ မတ်လ

(၃) စီမံချက်ပြီးစီးမည့်အချိန် - ၂၀၂၁ ခုနှစ်၊ မေလ

(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် -

- ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာလုံးကျွတ် အစည်းအဝေးခေါ်ယူပြီး လုပ်ငန်းအစီအစဉ်များကို ပွင့်လင်းစွာ တိုင်ပင်ဆွေးနွေးပါမည်။
- မူကြိုကျောင်းအတွက် လိုအပ်သော မြေနေရာနှင့် လုပ်အားကို ကျေးရွာမှထည့်ဝင်ပါမည်။
- လိုအပ်ပါက ပစ္စည်းနှင့် ငွေကြေး အသင့်အတင့် ထည့်ဝင်ပါမည်။

(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ဌေကြေးဆိုင်ရာ အစီအစဉ်များ

- လုပ်ငန်းများ ကောင်းမွန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအဆင့်အလိုက် ကျေးရွာလူထုအား အစည်းအဝေးခေါ်ယူပြီး ဆွေးနွေးတိုင်ပင်ပါမည်။
- လုပ်ငန်းများ အကောင်အထည်ဖော်ပြီးပါကလည်း လုပ်ငန်းပြီးဆုံးမှု အလွဲအပြောင်း လုပ်ဆောင်ခြင်းနှင့် ဖွင့်လှစ်ပွဲ လုပ်ဆောင်ပါမည်။
- မူကြိုကျောင်း ရေရှည်ကောင်းမွန်ခိုင်ခံ့စေရေးအတွက် လိုအပ်သော ပြုပြင်ထိန်းသိမ်းမှု လုပ်ငန်းများကို အစီအစဉ်ရေးဆွဲပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ဦးဆောင်၍ လုပ်ဆောင်သွားပါမည်။
- ပြုပြင်ထိန်းသိမ်းရေးအတွက် လိုအပ်မည့် ကုန်ကျစရိတ်များကိုလည်း ကျေးရွာအတွင်းရှိ ကျေးရွာသူ/သားများ၊ လုပ်ငန်းရှင်များထံမှ အလှူငွေ (သို့) စုပေါင်းလုပ်အားဖြင့် ဆောင်ရွက်သွား ပါမည်။